ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်း ဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 June 2025 ၁၁၈၅၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရ အား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၄

| | |
|---|---|
| ခန္တီး | ၄ ဒသမ ၂၁ လက်မ |
| ပေါင် | ၄ ဒသမ ၀၉ လက်မ |
| ဘားအံ | ၃ ဒသမ ၁၈ လက်မ |
| သထုံ | ၃ ဒသမ ၁၁ လက်မ |
| ကော့သောင်း | ၃ ဒသမ ၀၇ လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၄၈ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၄၈ လက်မ |

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် EAEU ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ - အာရှ စီးပွားရေး ဖိုရမ်(EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ မကြာမီ ရက်ပိုင်း အတွင်း တရားဝင်ခရီးစဉ်သွားရောက်မည် ဖြစ်သည်။

**ဆောင်ရွက်သွားမည်**

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် သီးခြားတွေ့ဆုံ ဆွေးနွေးခြင်း၊ ဥရောပ - အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ အကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေး ဆိုင်ရာများနှင့် ကမ္ဘာ့ပေါင်းစုံတွင် မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ် များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက် ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ် သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**အိပ်နေတဲ့ကမ္ဘာနဲ့ ခပ်ကြမ်းကြမ်းသူတစ်ယောက်** ဆောင်းပါး စာမျက်နှာ » ၆

**ခန်းမက ဗလာ စကားလုံးတွေက အနှစ်မပါ** ဆောင်းပါး စာမျက်နှာ » ၉

**Peace Forum 2025 သည် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်** စာမျက်နှာ » ၁၁

**အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများတွင် သတ္တုတူးဖော်သည့် လုပ်ငန်းဆောင်ရွက်ခြင်းမှ တားမြစ်** စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်သူလူထု စားရေရိက္ခာဖူလုံရေး စိုက်ပျိုးမွေးမြူရေး မြှင့်တင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟူသည့်အချက်ကို ချမှတ်ထားရာ အဆိုပါဦးတည်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်ရာတွင် အထူးသဖြင့် လူဦးရေထူထပ်သော မြို့ပြနေပြည်သူလူထုအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြအနေဖြင့် ခေတ်မီနည်းစနစ်များနှင့် တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဒေသများပါ စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၂၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရေး လမ်းညွှန်မှာကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဒေသကြီးတစ်ခုဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံးအတွက် စားရေရိက္ခာဖူလုံရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသည် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော လူဦးရေ ခုနစ်သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် စားသုံးမှုလိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်သည်။ ရန်ကုန်လူဦးရေ ခုနစ်သန်းကျော်၏ နေ့စဉ်အသားစားသုံးမှုလိုအပ်ချက်ကို စနစ်တကျတွက်ချက်ပြီး ဇုန်အလိုက် လိုလားချက်ပြည့်မီအောင် ထုတ်လုပ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ နေ့စဉ်စားသုံးမှုအတွက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလောက်အောင် ထုတ်လုပ်ရန်လိုအပ်သည်။ ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတမှသာ သင့်တင့်လျောက်ပတ်သည့် ဈေးနှုန်းများဖြင့် ရောင်းချလည်ပတ်နိုင်မည်ဖြစ်သည်။ အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်မှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဈေးကွက်အတွင်းသို့ အလျင်အမြန် ဖြန့်ဖြူးရောင်းချပေးနိုင်ရန် လိုအပ်သည်။ စိုက်ပျိုးမွေးမြူရေးဇုန်များသည် ပြည်သူများ ပေါပေါသီသီစားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သမားရိုးကျ စိုက်နည်း၊ ပျိုးနည်း၊ မွေးမြူနည်းထက် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးမွေးမြူခြင်းသည် အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်စေသည်။ ဈေးကွက်ဝင် ဖူလုံပိုလျှံပြီး အခြားဒေသများသို့ ထပ်မံတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များအတွင်းသို့ နေ့စဉ် စိုက်ပျိုးမွေးမြူရေးဇုန်များအပြင် ရန်ကုန်ပတ်ဝန်းကျင် အနယ်နယ်အရပ်ရပ်မှ အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး နေ့စဉ် ပို့ဆောင်ဖြန့်ချိရောင်းချလျက်ရှိသည်။ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်တွင် ဥစားကြက်မွေးမြူရေးကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး အသားတိုးဝက်များ မွေးမြူထားရှိသည့်အပြင် ဝက်သားပေါက်ထုတ်လုပ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အစေ့ထုတ်ပြောင်းစပ်မျိုးစိုက်ပျိုးထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိပြီး အထွက်တိုးပြောင်းမျိုးစေ့ စိုက်ပျိုးထုတ်လုပ်ရေးကိုပါ ဆောင်ရွက်လျက်ရှိသည်။ တိရစ္ဆာန်အစာစပ်စက်ရုံ တည်ဆောက်ရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဒေသကြီးဖြစ်သည်နှင့်အညီ လူဦးရေ ခုနစ်သန်းကျော်အတွက် စားရေရိက္ခာဖူလုံရေးကို ခေတ်မီနည်းစနစ်ကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် တိုးချဲ့မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သောကြောင့် စားရေရိက္ခာဖူလုံပြီး ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတကာ ကုန်စည်ဈေးနှုန်း သင့်တင့်လျောက်ပတ်သည့် အကျိုးရလဒ်များရရှိလာသဖြင့် အခြားဒေသများပါ စံနမူနာပြအဖြစ် ဆက်လက်တိုးချဲ့ မြှင့်တင်ဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်ထွန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးမျိုးသန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခ ဒေါက်တာ ခင်မာမြင့် ကို ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှော့ချင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၂၄ ရက်အထိ သေဆုံးသူ ၃၇၆၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ၂၄ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၅၈၀ | ၃,၈၂၈,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၆၅၈ | ၁,၉၇၄,၀၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၆၀ | ၄၄၄,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၉၁၇ | ၁,၇၀၂,၈၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၂၄၀ | ၆၆၂,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၁,၅၁၀ | ၂,၄၂၃,၅၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၂၄ | ၄၉၆,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၀၅၀ | ၃၅၀ | ၁,၀၆၈,၂၅၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖုံးမှ

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ ဖိတ်ကြားချက်အရ ဘူရားတီးရားပြည်နယ်သို့ သွားရောက်မည်ဖြစ်ပြီး အထင်ကရနေရာများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသွားမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်များတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် စစ်ဘက်၊ နယ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ ပြည်ထောင်စုဝန်ကြီးအိမ်ရာများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိရပ်ကွက်ရှိ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် တိုက်အမှတ် (၃၃၈၄) နှင့် အပြာရောင်အဆင့် သတ်မှတ်ထားသည့် တိုက်အမှတ်(၃၃၈၃)သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းက ငလျင်ကြောင့် ပျက်စီးခဲ့မှုများအား အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် SOP များနှင့်အညီ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ပြန်လည်ဆယ်တင်ပြင်ဆင် အသုံးပြုနိုင်သည့် ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားရန်၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများပြီးစီးပါက အခန်းတွင်း၊ အခန်းအပြင်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်ပေးရန်၊ ရေလိုင်း၊ မီးလိုင်းများနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စစ်ဆေးပြီး စီမံဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိ အဆောက်အအုံ A အဆောင်နှင့် B အဆောင်နေရာတို့တွင် ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးအသစ်ပြန်လည်တည်ဆောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုမိန့်ဖြင့် EOI ခေါ်ယူခဲ့မှု၊ လာရောက်လျှောက်ထားကြသည့် ကုမ္ပဏီများ၏ တင်ပြလာသည့် ဒီဇိုင်းများအပေါ် နည်းပညာအဆိုပြုချက်များနှင့် အခြားလိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာများ စိစစ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို လမ်းညွှန်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်း ပေါ်တွင်တည်ရှိသည့် ဥတ္တရသီရိ ရေလှောင်တမံသို့ ရောက်ရှိကြရာ မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် ရေလှောင်တမံရေထုတ်ပြွန်မှ ရေယိုစိမ့်မှုအခြေအနေနှင့် မြေသားတမံ၏ ဖို့မြေထိခိုက် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါရေလှောင်တမံသည် ရေဆင်း ဧရိယာ ဧက ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုဝန်ကြီး အိမ်ရာများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးစဉ်။

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၈)ကြိမ်မြောက်စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ် (28th St. Petersburg International Economic Forum – SPIEF–2025)သို့ တက်ရောက်ခဲ့သည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ် ဆောင်ရွက်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုနှစ် ကျင်းပသည့် ဆောင်ပုဒ်မှာ "ဗဟုဝင်ရိုးကမ္ဘာကြီးထွားရေး အခြေခံတည်ဆောက်ဖို့ ပူးပေါင်းမျှဝေကြပါစို့" (Shared Values: The Foundation of Growth in a Multipolar World) ဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ အပြန်အလှန်လေးစားမှု၊ လူ့အဖွဲ့အစည်း၏ စံတန်ဖိုးများနှင့်အညီ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှု၊ တန်းတူညီမျှမှုကို အခြေခံ၍ ဖိုရမ်ကို ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံသမ္မတ၏ အကြံပေး ရုရှားရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ ရုရှား–မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာ–ရုရှား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ရုရှားနိုင်ငံက အရှေ့တောင်အာရှ နိုင်ငံများသို့ ကုန်သွယ်မှု မြှင့်တင်ရန်အတွက် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းသစ် တိုးချဲ့ဖော်ဆောင်ရေး စားပွဲဝိုင်းဆွေးနွေးပွဲသို့ ရုရှားနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အကြံပေး Mr. Igor Levitin အပါအဝင် နိုင်ငံတကာမှ ဝန်ကြီးများ၊ ကျွမ်းကျင်သူများနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ရုရှားနိုင်ငံ၏ မြော်တွေးချက်သည် လက်ရှိကမ္ဘာ့ရေးရာ အခြေအနေများနှင့် ညီညွတ်မှုရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ဒေသတွင်းဆိပ်ကမ်းများသို့ ရေယာဉ်လွှဲပြောင်းပို့ဆောင်ခြင်း (Transshipment)ဖြင့် ရုရှားကုန်စည်များကို ဆက်လက်သယ်ယူ ပို့ဆောင်နိုင်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ မော်တော်ကား၊ မီးရထားများဖြင့်လည်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်သွယ်မှုတိုးချဲ့ရန် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ် တိုးချဲ့ဖော်ဆောင်မှုသည် ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မီနည်းပညာနှင့် ဆန်းသစ်သော ထောက်ပံ့ပို့ဆောင်ရေး စနစ်များလိုအပ်သဖြင့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းများ၊ ရထားပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

စားပွဲဝိုင်းဆွေးနွေးပွဲ အပြီး၌ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သော အဖွဲ့နှင့် ဆက်လက်တွေ့ဆုံ၍ ရုရှားနိုင်ငံ၏ ကုန်သွယ်ရေး လမ်းကြောင်းသစ် တိုးချဲ့ရေး၊ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားအလားအလာရှိသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr.Shatriov Sergey Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ Expo–Foroum Convention and Exhibition Center ၌ ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maksim Reshetnikov တို့ လက်မှတ်ရေးထိုးသည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ အဆိုပါ သဘောတူစာချုပ် လက်မှတ် ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ပြီး အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်နိုင်မည်ဖြစ်ကာ ဥပဒေအရလည်း အကာအကွယ်ပေးသွားနိုင်မည် ဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr.Ivan Viktorovich Polyakov နှင့် တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အပါအဝင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ ပါဝင်တက်ရောက်သည်။ အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားကာ နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ သမ္မတ H.E. Mr.Prabowo Subianto၊ တောင်အာဖရိကနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Paul Mashatile၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang၊ ဘာရိန်းစစ်ဦးစီးချုပ် H.E. Mr.Nasser Bin Hamad Al Khalifa တို့က ပါဝင်ဆွေးနွေးကြသည်။

## ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အာဆီယံနှင့် ဥရောပ–အာရှ စီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးဆိုင်ရာ ဆွေးနွေးမှု အစီအစဉ်သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှ စီးပွားရေးကော်မရှင်တို့အကြား ကျင်းပသည့် ဒုတိယအကြိမ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ဒေသ (Republic of Tataistan) ကာဇန်မြို့ရှိ Alabuga Special Economic Zone မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေး၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် မြန်မာလုပ်သားများကို ခေါ်ယူရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဇွန် ၁၉ ရက် ကလည်း အဖွဲ့ဝင်အဖြစ်ပါရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ရုရှားနိုင်ငံမှ ရုပ်သံမီဒီယာများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအလှအပများ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာဒေသ အစားအစာများနှင့် ရုရှားခရီးသွားများအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုနှစ် ကျင်းပသည့် (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၄၄ နိုင်ငံမှ အကြီးအကဲများ၊ အစိုးရအရာထမ်းများ၊ နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်း ၃၈၀ မှ ဆွေးနွေးပြောကြားသူ ၁၀၀၀ ကျော်အပါအဝင် စုစုပေါင်း ၂၁၈၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဖိုရမ်ကာလအတွင်းစီးပွားရေး စာချုပ်ပေါင်း ၁၀၇၃ ခု ချုပ်ဆိုခဲ့ကြကြောင်းနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က လာရောက်တွေ့ဆုံ



နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပိုမိုခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်းတစ်လျှောက်ရှိ မဟာဗျူဟာကျသည့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် နည်းပညာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အကူအညီပေးရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်သည့် ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျွန်းလှမြို့နယ်၌ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျွန်းလှ ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသောမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော်တို့ဒေသမှာ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ တောင်သူတွေ မိုးမြေပဲကို မိုးရွာသွန်းတဲ့အပေါ်မူတည်ပြီး မေလကစတင်စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးမြေပဲသုံးဧကစိုက်ပျိုးရာမှာ တစ်ဧက ငွေကျပ် ငါးသိန်းခွဲခန့် ကုန်ကျပါတယ်။ ယခုအခါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မန်ကျည်းအင်းကျေးရွာ မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**အသိပညာပေး**

အဆိုပါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး၊ မျိုးသန့်မျိုးများရရှိရေး စသည့်လိုအပ်သည်များ ကွင်းဆင်း အသိပညာပေးသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ ၇၂၂၃ ဧက၊ နှမ်းဧက ၂၀၊ နေကြာ ၇၁ ဧက စုစုပေါင်း ၇၃၁၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# အိပ်နေတဲ့ကမ္ဘာနဲ့ ခပ်ကြမ်းကြမ်းသူတစ်ယောက်

နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

အခုဆို အမေရိကန်နိုင်ငံမှာ ဒေါ်နယ်ထရမ့် သမ္မတဖြစ်တာ ခြောက်လ မပြည့်သေးဘူး။ နေ့စဉ်သတင်းတွေက မရိုးရဘူး။ အခု အမေရိကန်က အီရန်ကို ဗုံးကြဲတဲ့သတင်းက ထိပ်ဆုံးရောက်နေသလို ပြီးခဲ့တဲ့အပတ်ကလည်း လော့စ်အိန်ဂျလိစ်မြို့ (Los Angeles) အဓိကရုဏ်းသတင်းတွေက လွှမ်းမိုးနေတယ်။ တစ်လောကလည်း ထရမ့်နဲ့ အီလွန်မတ်စ် ပြဿနာဖြစ်ကြတဲ့သတင်းလွှမ်းတယ်။ အဲဒီ မတိုင်ခင်တွေကလည်း ဟားဗတ်တက္ကသိုလ်ကြီးနဲ့ ထရမ့်နဲ့အငြင်းပွားကြတယ်။ တရုတ်ကျောင်းသားတွေအပါအဝင် နိုင်ငံ ၂၀ နီးပါးက နိုင်ငံသားတွေကိုလည်း ပြည်ဝင်ခွင့်တွေ တင်းကျပ်ပိတ်ဆို့တယ်။ ထရမ့်က ခပ်ရှင်းရှင်းပဲ။ မင်းတို့ကို အလိုမရှိဘူးတဲ့။ ရေနံသူဌေး ဆော်ဒီအာရေးဗီးယားနဲ့ လေယာဉ်လက်ဆောင်ပေးတဲ့ ကာတာနိုင်ငံကိုတော့ သွားဖြဲပြတယ်။

ပြီးခဲ့တဲ့လတွေကလည်း အိမ်ဖြူတော်မှာ ထရမ့်နဲ့ ယူကရိန်းသမ္မတတို့၊ တောင်အာဖရိကသမ္မတတို့နဲ့ အချေအတင်ဖြစ်ကြတဲ့ သတင်းက လွှမ်းတယ်။ အစဉ်အလာ မဟာမိတ် ဥရောပနဲ့ အိမ်နီးချင်း ကနေဒါနိုင်ငံကိုတောင် လှမ်းဟောက်တယ်။ တရုတ်နိုင်ငံနဲ့ ကမ္ဘာကြီးကိုလည်း သွင်းကုန်အခွန်တိုးမြှင့်ပြီး တုန်လှုပ်စေခဲ့တယ်။ USAID တို့၊ VOA တို့၊ RFA တို့လို အဖွဲ့အစည်းတွေ၊ သတင်းဌာနတွေလည်း ပိတ်သိမ်းခဲ့ရပြီ။ ထရမ့် တစ်ခုခုလုပ်လိုက်တိုင်း ကမ္ဘာကြီးက လှုပ်ခါသွားလို့ မနက်မိုးလင်းတာနဲ့ ထရမ့်ဘာလုပ်မလဲ စောင့်ကြည့်ရတဲ့ အခြေအနေဖြစ်နေတယ်။ အခုတော့ ထရမ့်ကို အမေရိကန်က ဒီမိုကရက်တွေလည်း လန့်နေပြီ။ ဥရောပလည်း လန့်နေပြီ။ တရုတ်လည်း လန့်နေပြီ။ ခပ်ကြမ်းကြမ်းသူတစ်ယောက်ကြောင့် ကမ္ဘာကြီးလည်း အိပ်မောကျနေရာက လန့်နိုးပြီ။

## ပြစ်တင်ဝေဖန်မှုတွေရှိ

အခု အီရန် နျူကလီယားစခန်းသုံးခုကို ဗုံးကြဲခဲ့တဲ့ဖြစ်စဉ်မှာလည်း သမ္မတထရမ့်က ကွန်ဂရက်လွှတ်တော်ဆီက ကြိုတင်သဘောတူညီချက်မယူလို့ဆိုပြီး ပြစ်တင်ဝေဖန်မှုတွေရှိနေတယ်။ နောက်ဆုံးဖြစ်ခဲ့တဲ့ ကယ်လီဖိုးနီးယားပြည်နယ်က အဓိကရုဏ်းတွေဆိုရင် အမေရိကန်သမ္မတ ထရမ့်နဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး Gavin Newsom တို့ ထိပ်တိုက်တွေ့ကြတဲ့ အဆင့်ရောက်သွားတယ်။ Gavin Newsom ရဲ့ ကယ်လီဖိုးနီးယားပြည်နယ်အစိုးရအဖွဲ့က ထရမ့်ရဲ့ ပြည်ထောင်စုအစိုးရကို တရားစွဲဖို့အထိလုပ်တယ်။

ထရမ့်ကလည်း Gavin Newsom ကို အာဏာဖီဆန်မှုနဲ့ အရေးယူမယ်လို့ အသံထုတ်တယ်။ အခန့်မသင့်ရင် Gavin Newsom ထောင်ထဲရောက်မယ့် အခြေအနေအထိဖြစ်လာတယ်။ Gavin Newsom ဟာ လာမယ့် ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်တွေရဲ့ သမ္မတလောင်းဖြစ်နိုင်ခြေရှိသူအဖြစ် တစ်ပြေးနေသူဖြစ်တယ်။ အမေရိကန်ဒီမိုကရက်တွေဟာ ၂၀၂၄ ရွေးကောက်ပွဲရှုံးပြီးကတည်းက ခေါင်းဆောင်မှုပြဿနာပေါ်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်နေကြတယ်။ အိပ်မောကျနေရာက လန့်နိုးလာသူလိုဖြစ်နေတယ်။

တစ်သက်လုံး ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ ကြီးပြင်းလာတော့ ပြန်လည်မပြင်ဆင်လိုဘူး။ သို့သော် သိပ်ပြီး ဒီမိုကရေစီလူ့အခွင့်အရေး လွန်းရင် လူတွေမလေးစားဘူးဆိုတာ အသိအမှတ်ပြုလာတယ်။ ဒီမိုကရက်တွေရှုံးခဲ့ရတာ သိပ်လူ့အခွင့်အရေးဘက်လွန်ကဲပြီး လက်ဝဲသိပ်ဆန်သလို (far-left) ဖြစ်သွားတယ်ဆိုတာ Gavin Newsom တို့လို စီနီယာ ဒီမိုကရက်တွေကိုယ်တိုင် ထုတ်ပြောလာရတယ်။ တစ်နည်း လစ်ဘရယ်တန်ဖိုးတွေကို ဖက်တွယ်ရင်း အိပ်ပျော်နေခဲ့တယ်ဆိုတာ လက်ခံလာတယ်။ လစ်ဘရယ်ဆိုတာ သူတို့သာအမှန်ပဲ။ ဘယ်သူပြောပြော နားမဝင်ဘူး။ သူတို့နဲ့ နည်းနည်းလေးဆန့်ကျင်ရင် အစွန်းရောက်တံဆိပ်၊ ဖက်ဆစ်တံဆိပ် ကပ်လိုက်တာမျိုးဖြစ်တယ်။ ပါးစပ်တောင် အဟမခံဘူးဆိုတာမျိုး လူကသာ လစ်ဘရယ်၊ လစ်ဘရယ်တွေကိုယ်တိုင်က အာဏာရှင်ဆန်တယ်။ အခု ထရမ့်လို ခပ်ကြမ်းကြမ်းသူနဲ့တွေ့တော့ အိပ်ယာကနိုးလာတယ်။ သို့သော် အကြောင်းရင်းကို သေသေချာချာ အဖြေမရှာနိုင်သေးဘူး။ ဆက်ပြီး အိပ်နေရင်တော့ သေချာတယ်။ ၂၀၂၈ သမ္မတရွေးကောက်ပွဲမှာလည်း ဒီမိုကရက်တွေ နောက်ကောက်ကျလိမ့်မယ်။

ထရမ့် ဥရောပကို လှုပ်နိုးသွားတာလည်း ခပ်ကြမ်းကြမ်းပဲ။ ဥရောပက ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းဖြစ်တယ်။ ပညာတတ်တယ်။ ပညာတတ်များတယ်။ ဥရောပအမြင်က အမေရိကန်မှာ ထရမ့်လိုလူမျိုး ရွေးကောက်ပွဲနိုင်တာ ဥရောပထက်စာရင် အမေရိကန်မှာ ပညာတတ် (တက္ကသိုလ်ဘွဲ့ရ) တွေနည်းလို့ဆိုပြီး အမြင်ရှိတယ်။ ဥရောပက ပညာတတ်တို့ ထုံးစံအတိုင်း မြုံစိစိနဲ့ပေါ့။ လူမုန်းမခံဘူး။ အမုန်းစကားမပြောဘူးပေါ့။ ပညာတတ်တို့ထုံးစံအတိုင်း လူမုန်းမခံဘဲ နောက်ကွယ်ကသာ တိုက်ခိုက်တယ်။ နောက်ကျော ဓားနဲ့ထိုးတယ်။ ဥရောပဟာ အမျိုးသမီးနဲ့ လိင်တူချင်းဆက်ဆံသူများ (LGBT) ဦးစားပေးတဲ့ လူ့အဖွဲ့အစည်းလည်းဖြစ်တော့ မိန်းမလည်းဆန်တယ်။ စိတ်ကောက်တတ်တယ်။ အငြိုးကြီးတယ်။ ထရမ့်ကို သူတို့ခွင့်မလွှတ်ဘူး။ ထရမ့်ကလည်း သိတယ်။ ထရမ့်က ဥရောပကို စစ်ရေးအသုံးစရိတ်တိုးသုံးဖို့ သူ ပထမအကြိမ် သမ္မတဖြစ်ခဲ့ကတည်းက ဥရောပကို တောင်းဆိုတယ်။ ဥရောပက ဘာသိဘာသာပဲနေတယ်။ ယူကရိန်းကိစ္စမှာလည်း ဥရောပက ပိုပြီးတာဝန်ယူဖို့ပြောတယ်။ မသိချင်ယောင်ဆောင်နေတယ်။

အခု ဒုတိယအကြိမ် သမ္မတဖြစ်တဲ့အခါမှာတော့ ဥရောပက မလိုက်နာဘူးဆိုရင် အမေရိကန်ဘက်က ဥရောပနဲ့ဆက်ဆံရေး လျှော့ချဖို့၊ ယူကရိန်းကို စွန့်ပစ်ဖို့အထိ ဖိအားပေးလာတယ်။ အမှန်က ဥရောပနဲ့ အမေရိကန်က မဟာမိတ်ဆိုပေမယ့် ဥရောပစိတ်ထဲမှာ အမေရိကန်က ကမ္ဘာ့ဆရာကြီးလုပ်နေတယ်။ ပြဿနာပေါင်းစုံထဲဝင်ပါတယ်။ နောက်ဆုံး စုပေါင်းဖြေရှင်းရင်း ရန်များလာတယ်။ ဥရောပက အမေရိကန်မဟာမိတ်ဆိုတော့ ပြဿနာတွေထဲ ဒယ်ဉ့်တိုက်ပါရတယ် စသဖြင့် အစဉ်အလာ မကျေနပ်စိတ်ကရှိတယ်။ ဒါကြောင့်လည်း ထရမ့်က ဥရောပကို ပိုပြီး ထိပ်တိုက်ရင်ဆိုင်တယ်။ ဥရောပ လစ်ဘရယ်တွေရဲ့ပြိုင်ဘက် လက်ယာစွန်းပါတီတွေကို ပြောင်ပြောင်တင်းတင်း ထောက်ခံမှုပေးပြီး လစ်ဘရယ်တွေအသည်းကိုခွဲတယ်။ အဲဒီလို ထရမ့်က ဥရောပအမျိုးသားရေးပါတီတွေကို အားပေးတာဟာ ၂၀၂၄ အမေရိကန်ရွေးကောက်ပွဲမှာ ဥရောပက လက်ဝဲလစ်ဘရယ်တွေက အမေရိကန်ဒီမိုကရက်တွေကို အားပေးခဲ့လို့ လက်စားချေတာဖြစ်တယ်လို့ အများက ရှုမြင်ကြပေမယ့် အခုကတော့ ထရမ့်ဟာ စနစ်ကြီးတစ်ခုလုံးကို ပြောင်းလဲနေတာလားဆိုပြီး ဥရောပတစ်လွှား လစ်ဘရယ်အသိုင်းအဝိုင်းမှာ စိုးရိမ်စိတ်တွေပိုနေပါပြီ။ အမှန်ကတော့ ဥရောပ လူယဉ်ကျေးနဲ့ အမေရိကန် (ထရမ့်) ခပ်ကြမ်းကြမ်းတို့ တွေ့ကြတဲ့ပွဲပါပဲ။ တစ်နည်း အိပ်နေတဲ့ဥရောပကို ဆောင့်နှိုးတာပါပဲ။

ဘာကြောင့် ထရမ့်က အမေရိကန်နဲ့ ဥရောပကို ဆောင့်နှိုးသလဲ။ အမေရိကန်ကော ဥရောပတင်မဟုတ်ဘူး။ ထရမ့်ရဲ့အမြင်မှာ တစ်ကမ္ဘာလုံးဟာ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးဆိုတာတွေ ကြားထဲမှာ အိပ်မောကျနေတယ်။ အမေရိကန်နဲ့ ဥရောပက နိုင်ငံတကာကို အကူအညီပေးပြီး နိုင်ငံတကာကတော့ အမေရိကန်နဲ့ ဥရောပဆီ လူတွေသာ ပြန်ပို့နေတယ်။ ထရမ့်အသုံးအနှုန်းနဲ့ဆို သွေးကိုအဆိပ်ခတ်နေတယ်ပေါ့။ အမေရိကန်ရဲ့မဟာမိတ် ယူနိုက်တက်ကင်းမ်ဒမ်း (UK) ဝန်ကြီးချုပ်ကလည်း UK ဟာ သူစိမ်းတွေရဲ့ တိုင်းပြည်ဖြစ်နေပြီဆိုပြီး တရားဝင် ပြောလာတယ်။

## ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အကြိမ်ကြိမ်ဖက်တွယ်ရင်း အိပ်မောကျနေ

ထရမ့်အမြင်မှာ ကမ္ဘာကြီးဟာ အိပ်မောကျနေတယ်။ အထူးသဖြင့် အမေရိကန်နဲ့ ဥရောပဟာ အိပ်မောကျနေတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အကြိမ်ကြိမ်ဖက်တွယ်ရင်း အိပ်မောကျနေတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးခေါင်းစဉ်အောက်မှာ အနောက်တိုင်းလူ့အဖွဲ့အစည်း (အမေရိကန်နဲ့ ဥရောပ) ဟာ ချည့်နဲ့လာတယ်။ ထရမ့်တို့လို လက်တွေ့သမားတွေက အင်အားကို လူချစ်လူခင်များတာနဲ့ မတိုင်းတာဘူး။ စစ်ရေး၊ လုံခြုံရေးအမြင်နဲ့ပဲ တိုင်းတာတယ်။ ဒါကြောင့်လည်း သူလုပ်စရာရှိတာတွေ ဘယ်သူ့မှ ဂရုမစိုက်ဘဲလုပ်တယ်။ အခု နောက်ဆုံးဖြစ်ခဲ့တဲ့ အီရန်ဗုံးကြဲမှုက သက်သေပဲ။ အမေရိကန်အကျိုးစီးပွားအတွက်ဆို ဘာမဆို လုပ်မယ့်သဘောရှိတယ်။ အမေရိကန် အားနည်းစေမယ့်ကွင်းဆက်တွေ ဖြတ်တောက်တယ်။ လူဝင်မှုတွေ၊ အခွန်အကောက်တွေကတစ်ဆင့် တစ်ကမ္ဘာလုံးနီးပါးကို ဆောင့်နှိုးတယ်။ အမေရိကန်နဲ့ပတ်သက်ရင် ဘယ်နိုင်ငံမှ ရပ်ကြည့်နေလို့မရဘူး။ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်ရမယ်ဆိုတဲ့သဘောဖြစ်တယ်။ ရန်သူ၊ မိတ်ဆွေ ကြိုတင်ခွဲခြားတယ်။

အခုတော့ ထရမ့်ကြောင့် တစ်ကမ္ဘာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်လာနေပါပြီ။ အိပ်ယာက နိုးလာကြပါပြီ။ အရင်လို လစ်ဘရယ်အထာနဲ့ ဟိုဘက်လိုလို၊ ဒီဘက်လိုလို လုပ်လို့မရတော့ဘူး။ အခုအချိန်ထိတော့ ထရမ့်ရဲ့ ခပ်ကြမ်းကြမ်းနိုင်ငံရေးက အလုပ်ဖြစ်နေပုံရပါတယ်။ အခုဖြစ်နေတဲ့ လော့စ်အိန်ဂျလိစ် အဓိကရုဏ်းမှာ အချို့ကားတွေ၊ ဆိုင်တွေ မီးရှို့ခံရ၊ အလုအယက်ခံရပါတယ်။ ဒီမိုကရက်တစ်အများစုက နှုတ်ပိတ်နေပါတယ်။ ထရမ့်စတဲ့ ဇာတ်လမ်းမို့ အဓိကရုဏ်းသမားတွေကို အပြစ်မတင်ကြပါဘူး။ သို့သော် ထင်ရှားတဲ့ ဒီမိုကရက်တစ် ဆီနိတ်တာ တစ်ယောက်ဖြစ်တဲ့ John Fetterman ကတော့ အခုလို အကြမ်းဖက်မှုတွေကို ဒီမိုကရက်တစ်တွေက မဝေဖန်တာဟာ လူထုထောက်ခံမှုဆုံးရှုံးရခြင်းအကြောင်းဖြစ်တယ်ဆိုပြီး ပြောလာပါတယ်။

ဥရောပမှာလည်း လစ်ဘရယ်တွေက အရင် သူတို့အကာအကွယ်ပေးခဲ့တဲ့ ပြင်ပက ဝင်ရောက်လာသူတွေ တင်းတင်းကျပ်ကျပ် အရေးယူနေပါပြီ။ ဥရောပတစ်လွှားလည်း စစ်ရေးအသုံးစရိတ်တွေ မြှင့်တင်နေပြီး ဂျာမနီကဆို ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမအကြိမ် သူ့တပ်တွေ ပြည်ပမှာ အမြဲတမ်းထားရှိဖို့ စေလွှတ်ပါပြီ။ ဒါတွေအားလုံးက ထရမ့်မြင်တွေ့ချင်နေတဲ့ အရာတွေပဲဖြစ်ပါတယ်။ သူ့နေရာမှာ ဒီမိုကရက်တစ် သမ္မတတစ်ဦးဦးသာဖြစ်မယ်ဆိုရင် တိုက်တွန်းပါတယ်၊ တောင်းဆိုပါတယ်လောက်နဲ့ပဲ ပြီးသွားမှာဖြစ်ပြီး ဥရောပကလည်း မြုံစိစိနဲ့ မသိချင်ယောင်ဆောင်ပြီး စစ်အသုံးစရိတ်ကို တိုးမှာမဟုတ်ပါဘူး။ အခုတော့ ထရမ့်က ခပ်ကြမ်းကြမ်း မင်းတို့ဥရောပမှာ ဖြစ်တာမင်းတို့ရှင်း၊ ကိုယ်ဖြစ်ကိုယ်ခံ၊ ယူကရိန်းလည်း ဥရောပတာဝန်ဆိုပြီး အမေရိကန်ပေးနေတဲ့ အကူအညီအချို့ ဖြတ်တောက်၊ ပြတ်ပြတ်သားသားဆိုတော့မှ လှုပ်လှုပ်ရှားရှား ဖြစ်လာပါတယ်။

အခုကတော့ ထရမ့်ကို စောင့်ကြည့်နေကြတာပေါ့လေ။ ထရမ့်ကျရှုံးသွားရင်တော့ အဲဒီကာလ (၂၀၂၄ ရွေးကောက်ပွဲ) တုန်းက ငါတို့အမေရိကန်တွေ ထရမ့်ကို မဲပေးခဲ့ကြတယ်။ မှားယွင်းခဲ့ကြတယ်။ တစ်နိုင်ငံလုံး ဆေးမိသွားခဲ့တယ်။ တစ်ကမ္ဘာလုံးကို တောင်းပန်တယ်ဆိုပြီး အပြစ်အားလုံး ထရမ့်အပေါ် ပုံချကြမှာပေါ့။ ထရမ့်သာ ဆက်ပြီး အောင်မြင်မယ်ဆိုရင်တော့ အနောက်တိုင်းနိုင်ငံရေးမှာ ဥပဒေသတစ်ခု ထပ်တိုးရလိမ့်မယ်။

ကြမ်းသင့်က ကြမ်းရမည်။ ။

ထရမ့်အမြင်မှာ ကမ္ဘာကြီးဟာ အိပ်မောကျနေတယ်။ အထူးသဖြင့် အမေရိကန်နဲ့ ဥရောပဟာ အိပ်မောကျနေတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အကြိမ်ကြိမ်ဖက်တွယ်ရင်း အိပ်မောကျနေတယ်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးခေါင်းစဉ်အောက်မှာ အနောက်တိုင်းလူ့အဖွဲ့အစည်း (အမေရိကန်နဲ့ ဥရောပ) ဟာ ချည့်နဲ့လာတယ်။ ထရမ့်တို့လို လက်တွေ့သမားတွေက အင်အားကို လူချစ်လူခင်များတာနဲ့ မတိုင်းတာဘူး။ စစ်ရေး၊ လုံခြုံရေးအမြင်နဲ့ပဲ တိုင်းတာတယ်။ ဒါကြောင့်လည်း သူလုပ်စရာရှိတာတွေ ဘယ်သူ့မှ ဂရုမစိုက်ဘဲလုပ်တယ်။ အခုနောက်ဆုံးဖြစ်ခဲ့တဲ့ အီရန်ဗုံးကြဲမှုက သက်သေပဲ။ အမေရိကန်အကျိုးစီးပွားအတွက်ဆို ဘာမဆို လုပ်မယ့်သဘောရှိတယ်။ အမေရိကန် အားနည်းစေမယ့်ကွင်းဆက်တွေ ဖြတ်တောက်တယ်။ လူဝင်မှုတွေ၊ အခွန်အကောက်တွေကတစ်ဆင့် တစ်ကမ္ဘာလုံးနီးပါးကို ဆောင့်နှိုးတယ်။ အမေရိကန်နဲ့ပတ်သက်ရင် ဘယ်နိုင်ငံမှ ရပ်ကြည့်နေလို့မရဘူး။ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်ရမယ် ဆိုတဲ့သဘောဖြစ်တယ်။ ရန်သူ၊ မိတ်ဆွေ ကြိုတင်ခွဲခြားတယ်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း AACC အသင်း၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲ တက်ရောက်




နေပြည်တော် ဇွန် ၂၄

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ထိုင်းဘုရင့်နိုင်ငံ ဗန်ကောက်မြို့၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် အာရှဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions –AACC) ၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

**ဖတ်ကြား**

ယနေ့နံနက်ပိုင်းတွင် စာတမ်းဖတ်ပွဲကို “The Courts and the Protection of Human Rights” ခေါင်းစဉ်ဖြင့် ကျင်းပရာ ထိုင်းဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံနှင့် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက လူ့အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ အခန်းကဏ္ဍ၊ တရားရုံးများအနေဖြင့် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုများနှင့်စပ်လျဉ်း၍ စာတမ်းများ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် AACC အသင်း ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို ဆက်လက်၍ ကျင်းပရာ လက်ရှိ AACC အသင်း၏ ဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ထိုင်းဘုရင့်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌက ၎င်းတာဝန်ထမ်းဆောင်မှုကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြခြင်း၊ AACC အသင်း၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးများဖြစ်သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (AACC–SPC)၊ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (AACC–SRD) နှင့် တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (AACC–CTHRD)တို့က ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာများ တင်သွင်းခြင်း၊ နောင်အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးခြင်းနှင့် AACC အသင်းသို့ အီရတ်သမ္မတနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်က အဖွဲ့ဝင်နိုင်ငံ အဖြစ် လျှောက်ထားခြင်း ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ အာရှဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions – AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင် ငံနှင့်အတူ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ သင်ကြားသင်ယူရေးလုပ်ငန်းများ စစ်ဆေးအားပေး



နေပြည်တော် ဇွန် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၌ ပညာဆည်းပူးလေ့လာလျက်ရှိကြသည့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားရေးဆရာ ဆရာမများ၊ တက္ကသိုလ်တာဝန်ရှိသူများအား သီးခြားစီတွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် LT–5 စာသင်ဆောင်တွင် စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူ ၂၇၂ ဦးအားတွေ့ဆုံ၍ ပညာသင်ယူသည့်ကာလအတွင်း စနစ်တကျကြိုးစားလေ့လာကြပြီး လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ယူဆောင်ရွက်နိုင်ခြင်းဖြင့် အမိတက္ကသိုလ်၏ ဂုဏ်သတင်းကို မြှင့်တင်ပေးနိုင်သော စိုက်ပျိုးရေးပညာရှင်များအဖြစ် ရပ်တည်နိုင်ကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်၏ လိုအပ်ချက်နှင့် တောင်သူများ၏ အကျိုးစီးပွားကို အမြဲရှေးရှုပြီး စဉ်ဆက်မပြတ် ပေါ်ထွက်နေသော စိုက်ပျိုးပညာရပ်များကို တစ်သက်တာမပြတ် လေ့လာဆည်းပူးကာ စနစ်တကျ ပြန်လည်ပေးဝေတတ်သော လူကောင်းလူတော်များဖြစ်စေရေးနှင့် ကြည့်မြင်တတ်သော မျက်စိ၊ ကြားတတ်သော နား၊ ပြောဆိုတတ်သော နှုတ်မှုစွမ်းရည်များရှိရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမဆောင်၌ သင်ကြားရေး ဆရာ ဆရာမများ၊ တက္ကသိုလ် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆရာ ကျောင်းသား ဆက်ဆံရေးဆိုင်ရာ ဂရုပြုရမည့် အချက်များ၊ ဆရာ ဆရာမများ၏ သင်ကြားရေး စွမ်းရည်ထက်မြက်ရန် လိုအပ်ချက်များ၊ မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ ပညာရပ်နှင့် အတွေ့အကြုံများကို မျှဝေပေးကြရန်၊ တစ်ခေတ်ထက် တစ်ခေတ် ပိုမိုထူးချွန်သော စိုက်ပျိုးရေးပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ဆရာထက် သာလွန်ထူးချွန်သူ တပည့်များမွေးထုတ်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အခွန်ပညာပေးရှင်းလင်းပွဲ ဆောင်ရွက်

မန္တလေး ဇွန် ၂၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ SWALLOW HOTEL ခန်းမ၌ ပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနိုင်ဦးက လက်ရှိကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် ပြေစာ/ဘောက်ချာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချရသော လုပ်ငန်းများအပေါ် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ငွေကြယ်**





# အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပ

မြန်အောင် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ပညာပေးရှင်းလင်းပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူး ဒေါ်စန္ဒာက ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အမျိုးအစားများ၊ လုပ်ငန်းအမျိုးအစားအလိုက် အခွန်စည်းကြပ်ကောက်ခံမှုများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်ဆောင်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့တွေ့ဆုံဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ပူးပေါင်းပြီး ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ နှောင်းပိုင်းကာလ ကာလသုံးပိုင်းလုံး၌ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပြည်သူလူထုကို အသိပေးရမည့် အကြောင်းအရာများကို အသိပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မည်သည့်ပါတီကိုမှ ဘက်မလိုက်ဘဲ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ မှတ်ကျောက် တင်ရသည့် ရွေးကောက်ပွဲဖြစ်အောင် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာများမှတစ်ဆင့် ကော်မရှင်၏ဆောင်ရွက်ချက်များကို မှန်မှန်ကန်ကန် သိရှိနိုင်အောင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်နှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက် ဆောင်ရွက်လိုသည့် အချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လမ်းညွှန်စာအုပ်ပါပြင်ဆင်ရန် လိုအပ်မည့်အချက်များ၊ သတင်းမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ငမိုးရိပ်ရေလှောင်တမံနှင့် အလိုင်နီရေလှောင်တမံ ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇွန် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံနှင့် ရေပိုလွှဲကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုနှစ်မိုးရာသီကာလအတွင်း ထူးကဲမိုးရေချိန်များဖြင့် ရွာသွန်းပြီး ကန်ရေမှတ်များ အချိန်တိုအတွင်း မြင့်တက်လာသည့် အခြေအနေများဖြစ်ပေါ်လာလျှင် ဌာနမှရေးဆွဲထားပြီးဖြစ်သည့် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုဆိုင်ရာစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ် ကြီးကြပ်စီမံဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြရန်နှင့် ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေများကို အစဉ်အမြဲစောင့်ကြည့်သွားကြရန် ဆွေးနွေးမှာကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ အလိုင်နီရေလှောင်တမံသို့ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများ လျော့ပါးသက်သာစေမည့် အစီအမံများ ဆောင်ရွက်ထားရှိမှုနှင့် ရေပိုလွှဲအသစ် ထည့်သွင်းတည်ဆောက်ရန် လိုအပ်နေသည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဇလဗေဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

လက်ရှိတွင် အလိုင်နီရေလှောင်တမံ၌ ရေပိုလွှဲထည့်သွင်းတည်ဆောက်ထားခြင်းမရှိဘဲ ပိုလျှံရေများကို ဆက်သွယ်မြောင်း (Link Channel) မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လဂွမ်းပြင် ရေလှောင်တမံထဲသို့ စီးဝင်စေလျက်ရှိပြီး လဂွမ်းပြင်ရေလှောင်တမံ၏ ရေပိုလွှဲမှတစ်ဆင့် လဂွမ်းပြင်ချောင်းအတွင်းသို့ စီးထွက်စေခြင်းဖြစ်သည်။ ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များအရ အလိုင်နီရေလှောင်တမံတွင်ရေကြီး ရေလျှံမှု အရေးပေါ်အခြေအနေ၌ တမံရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက် ရေပိုလွှဲအသစ် ထည့်သွင်းတည်ဆောက်နိုင်ရေး တမံတစ်ခုချင်းစီ၏ နှစ်စဉ် ရေဝင်ရောက်မှု အခြေအနေနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအပေါ် အခြေခံ၍ ဒီဇိုင်းပြု ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ဇိုမီးအမျိုးသားပါတီ (Zomi National Party) နှင့် ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party) နှင့် ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ဦးဘရှိန် ခေါင်းဆောင်သည့် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုက်လတ်မြို့နယ်၌ ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျိုက်လတ် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း (၄)ဖြတ်လမ်းထိပ်၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခန်းမက ဗလာ စကားလုံးတွေက အနှစ်မပါ

ပြီးခဲ့တဲ့ရက်သတ္တပတ်က နယူးယောက်မှာ ကြီးမြတ်လှတဲ့ သံတမန်ကြီးက မိန့်ခွန်းပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းက "အမြင့်စား၊ အပြင်းစား"၊ "သူသာလျှင် အမှန်တရား"။


16 JUNE 2025 www.gnlm.com.mm THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

Empty Chambers, Empty Words

By Kyaw Myint Htoon (Paris)

THE great envoy gave a speech in New York last week.

The speech was "high and mighty", righteous!" After all, it is about a small, least developed country somewhere in Asia, those types feel automatically superior! It was a usual hollowed speech, the ones these self-absorbed people (SAPs) in Geneva and New York are so capable of. His speech also included comments about the upcoming elections in Myanmar. Seriously!

Just one thing. The speech was given in an empty hall. There was hardly anyone in attendance. Out of 193 country members, it could be counted on two hands how many souls are in the room.

People should go on YouTube to watch it. Please! Audience, enjoy the empty room! It's nicely decorated.

No one has an interest except these SAPs. There are other, more urgent issues going on. Only the SAPs, who are desperate for attention and to feel "righteous". It's in their DNA to interfere. That's all they do. Prolong mandates. Let's not solve the crisis so that it goes on and on.

The fact that the room was empty, only the SAPs could be so oblivious to it.

Empty room or not, it gave them a chance to travel to New York. Catch up with friends. From New York to other destinations. Maybe do some personal businesses in the mix, since it has come to light that there are some private businesses. The position allows them to make a few trips a year to New York. To give an update on this. To give an update on that. To update the big master! If not for this position, it's unlikely the higher-education institution way in the South Pacific would have the budget to foot the fine airfare and accommodation.

30 years on, not a single one of them has achieved a single thing. Politics have changed. The mandate remains the same. No review! No realistic reassessment of whether it still makes sense or not. Why bother? It was not for the people of Myanmar from the beginning. Every single appointment has been wrong, especially the current one. Just look at the country of origin. Is there a need to say more?

No one is listening to them. All kinds of things are going on in the world. Wars! Bombings! Etc., etc. Has anyone paid any attention to these SAPs? Not a single thing they can do.

One of their agencies recently said forcibly displaced people around the world grew sharply by 6.3 million to 73.5 million at the end of 2024. So, the question is, what have they been doing? The world is falling apart under their watch, not getting safer or better. The doomsday clock is getting closer and closer to midnight!

Don't let them come and preach. Keep them away. Oh yes, the speech also mentioned "self-destruction". The reality is that destruction would be inevitable only if these SAPs were allowed to have their way. They have done it in other countries. History is littered with their failures. Let's ask them a question. What conflict have they solved in recent memory? Can they name one?

*(The views and opinions expressed in this article are those of the author.)*

အာရှတိုက်တစ်နေရာက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံငယ်လေးတစ်ခုအကြောင်း ပြောနေကြတဲ့ ဒီလိုလူတွေပုံစံက အလိုလိုနေရင်း အထက်စီးက ဟန်ပန်ကြီးတစ်ခွဲသား။ ဒါဟာ ဂျီနီဗာနဲ့နယူးယောက်မှာရှိတဲ့ ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတွေ (SAPs) (အတ္တသမားတွေ) ပြောနေကျအတိုင်းပဲ အနှစ်သာရမရှိတဲ့စကားလုံးတွေ ဖြစ်နေပါတယ်။ အဲဒါတင်မကဘူး မိန့်ခွန်းထဲမှာ မြန်မာနိုင်ငံမှာကျင်းပတော့မယ့် ရွေးကောက်ပွဲအကြောင်းပါ ထည့်ပြောသွားသေးတယ်။ ပြင်းပြင်းထန်ထန်ပဲဗျို့။

ပြောချင်တာတစ်ခုပဲရှိတယ်။ အဲဒီမိန့်ခွန်းကိုပြောခဲ့တဲ့ခန်းမက လူသူမရှိ ဗလာနတ္ထိကြီး။ တက်ရောက်သူဆိုလို့ လက်ချိုးရေလို့ရတဲ့ အရေအတွက်လေးပဲရှိတယ်။ နိုင်ငံပေါင်း ၁၉၃ နိုင်ငံထဲက ဆယ်ဂဏန်း တောင်မပြည့်တဲ့လူတစ်စုလေးပဲ အထဲမှာရှိခဲ့တာ။

လူတွေ အဲဒါကို You Tube မှာ သွားကြည့်သင့်တယ်။ ကြည့်ပါဦး ပရိသတ်တို့၊ ခန်းမကြီး ဗလာနတ္ထိလွတ်နေပုံကို။ အပြန်စားပြင်ဆင်ထားတဲ့ ခန်းမအလွတ်ကြီးပေါ့။ ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတစ်စုကလွဲလို့ ဒီကိစ္စကို စိတ်ဝင်စားသူမရှိ၊ အခုအချိန်မှာ ဒါထက်ပိုပြီး အရေးကြီးတဲ့ကိစ္စတွေ အများကြီးရှိနေတယ်။ ခန်းမထဲမှာရှိနေကြတာဆိုလို့ လူတွေအာရုံစိုက်ခံချင်လို့ ထင်ရာစိုင်းလုပ်ပြနေတဲ့၊ ကိုယ်သာလျှင်အမှန်တရားလို့ထင်နေတဲ့ အတ္တသမားတစ်အုပ်ပဲရှိတာ။ သူများကိစ္စဝင်ပါတာက သူတို့ရဲ့မျိုးရိုးဗီဇ(DNA)ထဲကိုက ပါနေတာ။ သူတို့လုပ်သမျှက သူများကိစ္စဝင်ရှုပ်တာ။ သူတို့ရဲ့ရာထူးဂုဏ်သိန် အာဏာကို ရှည်အောင်၊ ကြာအောင် ဆွဲဆန့်တာ။ အကျပ်အတည်းတွေကို မဖြေရှင်းဘဲ မပြီးနိုင် မစီးနိုင် ဆက်ရှိနေအောင် လုပ်နေကြတာ။

သူတို့အုပ်စုကလွဲလို့ ခန်းမကြီးလုံးဝဗလာနတ္ထိဖြစ်နေတယ်ဆိုတဲ့ အမှန်တရားကို ကိုယ်ကျိုးရှာအတ္တသမားတွေ သတိပြုမိကြမှာပါ။ လူရှိရှိ မရှိရှိ အဲဒါက သူတို့အတွက်တော့ နယူးယောက်ကိုခရီးသွားဖို့ အခွင့်အရေးတစ်ခုရတာပဲလေ။ သူငယ်ချင်းတွေဆုံကြမယ်၊ နယူးယောက်ကနေ တခြားသွားချင်တဲ့နေရာတွေ ဆက်သွားမယ်။ ကြားထဲကနေ ကိုယ်ပိုင်စီးပွားရေးလေးတွေလည်း လုပ်လို့ရတာပေါ့။ တချို့ဆို ပုဂ္ဂလိကလုပ်ငန်းတွေပါနေတာ။ ဒီရာထူးကြီးရှိနေလို့သာ သူတို့တစ်နှစ်ကို နယူးယောက်ကို အခေါက်ခေါက်အခါခါ သွားခွင့်ရနေတာလေ။ "ဒါလေး အပ်ဒိတ်လုပ်ပါဦးမယ်၊ ဟိုဟာလေး တင်ပြပါဦးမယ်၊ လူကြီးကိုသတင်းပို့ပါဦးမယ်" ဆိုတာမျိုးတွေနဲ့ သွားနေကြတာပေါ့။ တကယ်လို့ ဒီရာထူးသာမရှိရင် တောင်ပစိဖိတ်စွန်းက အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဆိုတာကြီးက ဒီလောက်အကုန်အကျများတဲ့ လေယာဉ်လက်မှတ်ခနဲ့ ဟိုတယ်စရိတ်ကို တတ်နိုင်မှာမဟုတ်ဘူး ဆိုတာ သေချာတယ်။

ပြီးခဲ့တဲ့ နှစ် ၃၀ အတွင်းမှာ ဒီလိုခန့်အပ်ခံရတဲ့ သံတမန်တွေ တစ်ယောက်မှ ဘာတစ်ခုမျှ အောင်မြင်ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ဘူး။ နိုင်ငံရေးအခြေနေတွေက ပြောင်းသွားပြီ။ သူတို့ရဲ့လုပ်ပိုင်ခွင့်(mandate)ကတော့ အရင်အတိုင်းပဲ။ လက်တွေ့ကျရဲ့လားဆိုတာ ပြန်လည်သုံးသပ်တာမျိုး၊ စစ်ဆေးတာမျိုး ဘာမှမရှိဘူး။ ဘာလို့လဲဆိုတော့ ဒီရာထူးက အစကတည်းက မြန်မာပြည်သူတွေအတွက် မဟုတ်လို့ပဲ။ ဒီရာထူးမှာ ခန့်အပ်မှုတိုင်းဟာ မှားယွင်းနေခဲ့တာ။ အထူးသဖြင့် အခုလက်ရှိခန့်ထားတဲ့သူက အမှားဆုံးပဲ။ သူလာတဲ့နိုင်ငံ သို့မဟုတ် လူမျိုးကိုကြည့်လေ။ ဘာမှဆက်ပြောစရာမလိုတော့ဘူး မဟုတ်လား။

ကိုယ်ကျိုးအတ္တသမားတွေကို ဘယ်သူမှအဖက်မလုပ်တော့ဘူး။ ကမ္ဘာပေါ်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်နေတယ်။ စစ်ပွဲတွေ၊ ဗုံးကြဲတိုက်ခိုက်မှုတွေ စသည်စသည်ဖြင့် ဆိုးရွားတဲ့ပြဿနာမျိုးတွေ အများကြီးဖြစ်နေတဲ့အချိန်မှာ သူတို့ကို ဘယ်သူမှ အရေးမလုပ်နိုင်ကြတော့ဘူး။ သူတို့လည်း လုပ်နိုင်တာတစ်ခုလေးတောင် မရှိတော့ဘူး။

သူတို့ရဲ့အေဂျင်စီတစ်ခုက မကြာသေးခင်က ထုတ်ပြန်တာကို ကြည့်ဦး။ ၂၀၂၄ ခုနှစ်အကုန်မှာ အတင်းအဓမ္မနေရပ် စွန့်ခွာရတဲ့လူဦးရေက ၆ ဒသမ ၃ သန်းတိုးလာပြီး စုစုပေါင်း ၇၃ ဒသမ ၅ သန်းအထိ ရောက်သွားပြီတဲ့။ ဒါဆိုမေးစရာရှိတာက သူတို့ဘာတွေလုပ်နေခဲ့ကြလဲဆိုတာပဲ။ သူတို့မျက်စိရှေ့မှာတင် ကမ္ဘာကြီးက တစ်စတစ်စ ပြိုလဲနေတာ။ ပိုလုံခြုံလာဖို့၊ ပိုကောင်းလာဖို့နေနေသာသာ အခြေအနေတွေက ပိုဆိုးလာနေတာလေ။

သူတို့လာပြီး ဟောပြောတာမျိုးမလုပ်စေနဲ့။ ဝေးဝေးမှာပဲနေပါစေ။

ဪ...ဟုတ်ပါရဲ့၊ ဒီမိန့်ခွန်းထဲမှာ "မိမိကိုယ်ကို ဖျက်ဆီးခြင်း" ဆိုတဲ့စကားလုံးလည်း ပါသွားသေးတယ်။ တကယ်တမ်းကျတော့ ဒီကိုယ်ကျိုးအတ္တသမားတွေကို သူတို့စိတ်ကြိုက် လွှတ်ထားမယ်ဆိုရင်တော့ ပျက်စီးခြင်းဆိုတာ ရှောင်လွှဲလို့ရမှာမဟုတ်ဘူး။ သူတို့ ဒီလိုမျိုး တခြားနိုင်ငံတွေမှာလည်း လုပ်ခဲ့ဖူးတယ်။ သူတို့ရဲ့ကျရှုံးမှုမှတ်တမ်းတွေက သမိုင်းစာမျက်နှာတွေမှာ ပြည့်နေတာပါပဲ။ သူတို့ကို မေးခွန်းတစ်ခုမေးကြည့်ရအောင်။ လတ်တလော မှတ်မိသမျှ သူတို့ ဘယ်ပဋိပက္ခကို ဖြေရှင်းပေးနိုင်ခဲ့သလဲလို့၊ တစ်ခုလောက်များ နာမည်တပ်ပြီးပြောပြနိုင်မလား။ ။

**(ဤဆောင်းပါးပါ အမြင်နှင့် ထင်မြင်ယူဆချက်များသည် စာရေးသူ၏ သဘောထားများသာဖြစ်ပါသည်။)**

**(၁၆ – ၆ –၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris)၏ Empty Chambers , Empty Words ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)**





## အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)၌ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၂၄**

ကျောင်းသား ကျောင်းသူများအား ဥပဒေရေးရာနှင့်ပတ်သက်သည့် အသိပညာများကို သိရှိနိုင်ရန် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်) သင်တန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ဥပဒေအခြေခံသဘောတရားများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဟောပြောပို့ချခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်) စာကြည့်တိုက်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များ ၁၉၄ မျိုးနှင့် ရာဇသတ်ကြီးစာအုပ်တို့ကို ကျောင်းအုပ်ကြီး ဦးသန်းထိုက်အောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

**မြဝတီ ဇွန် ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားပြီး မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ အထကခွဲ(၃)မှ ကျောင်းသား ကျောင်းသူသုံးဦးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိလိုသည်များ မေးမြန်းခဲ့မှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူခြောက်ဦးတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ် စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရာဇမဏိစူဠာကောင်းမှုတော်စေတီတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အန္တရာယ်ရှိနေအိမ်အဆောက်အအုံများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော်ရင်ပြင်တိုးချဲ့ရန်အတွက် မြေသားခိုင်မာမှုစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ် ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပုရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ ရွှေဟင်္သာတိုက်သစ်၊ နဝလောဟာကျောင်းတိုက်နှင့် အနောက်စကြံကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီး အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများနှင့် ငလျင်ဘေးဒဏ်သင့် ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာအား အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများ၊ စစ်ကိုင်းမြို့ အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ငါးစို့တိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံ အပျက်အစီးများကို တပ်မတော်သားများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းရာတွင် ပြန်လည်တွေ့ရှိသော ရှေးဟောင်းဌာပနာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် အလည်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သောအန္တရာယ်ရှိ နေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၂၄**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရုံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ








## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၂၄**

ယနေ့ မြန်မာစံတော်ချိန် ၁၆ နာရီ ၄၇ မိနစ် ၁၂ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉.၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၅၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄.၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၂၄**

ယနေ့ မြန်မာစံတော်ချိန် ၁၉ နာရီ ၄၂ မိနစ် ၂၇ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၅၃၇ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉.၃၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃.၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅.၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# Peace Forum 2025 သည် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၂၅)

ကမ္ဘာစစ်ကြီးများ၏ အနိဋ္ဌာရုံများကို ခံစားကြရပြီးနောက် စစ်ပွဲများ ထပ်မံမပေါ်ပေါက်စေရန်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ရေးဆွဲ၍ ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။ ယင်းပဋိညာဉ်စာတမ်းပါ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ပြေလည်ကျေအေးအောင်ဆောင်ရွက်ရန်ဟု ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင်လည်း လူမှုရေးတိုးတက်ရေးနှင့် လူ့ဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို မြှင့်တင်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၁၆ အရ နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ ဖြစ်ပေါ်လာမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ပဋိပက္ခအတွင်း ငြိမ်းချမ်းမှုမရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများသည် ဆင်းရဲနွမ်းပါးမှု တာရှည်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းများ ဖြစ်ပေါ်ပြီး လူသားဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးတို့ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးမှာ ခွဲခြား၍မရကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသည် ပဋိပက္ခများ လျော့နည်းပပျောက်စေရုံသာမက အပြန်အလှန် စာနာနားလည်မှုတည်ဆောက်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်နိုင်ခြင်း၊ မတူကွဲပြားမှုများကို လေးစားခြင်းနှင့် တရားဥပဒေအရ တန်းတူအခွင့်အရေးရရှိခြင်း စသည့် အခွင့်အရေးများ ရရှိခံစားရခြင်းပင်ဖြစ်သည်။

Peace Forum 2025 တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံခြားသံတမန်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ ပါဝင်ကြကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်။

Peace Forum 2025သည်ပဋိပက္ခများလျော့နည်းပပျောက်စေပြီး တိုင်းရင်းသားပြည်သူအားလုံးလိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်သည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်

# လျှောင်ဘေးသင့်ပြည်သူများအတွက် ဆန် ၂၄ ပြည်အိတ် ၅၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၄**

လျှောင်ဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဝန်းသိုကျောင်းတိုက်မှ ဆရာတော် ဦးကေတုမာလာနှင့် သံဃာတော်များက ဆန် ၂၄ ပြည်အိတ် ၃၀၀ နှင့် အောင်ဇေရန်အောင် ဆရာတော်ဦးဥတ္တမသီရိက ဆန် ၂၄ ပြည်အိတ် ၂၀၀ စုစုပေါင်း ဆန်အိတ် ၅၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)သို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး သက်ဆိုင်ရာဒါယကာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးအေးထွန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့နယ် မင်္ဂလာရာမဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ)အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဒုတိယဝန်ကြီးက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းစာသင်ခန်းများအလိုက် ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။





**ဖူးမြော်ကြည်ညို**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မြင်သာမြို့ဦး ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်း ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတေဇနိယအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ မူလတန်းကျောင်း ၅၀၇ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၄၇၂၃၆ ဦး၊ မူလတန်းလွန်ကျောင်း ၄၈၄ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၈၀၇၂ ဦး၊ အလယ်တန်းကျောင်း ၁၉ ကျောင်းတွင် ကျောင်းသားကျောင်းသူ ၁၆၉၁၅ ဦး၊ တွဲဖက်အထက်တန်းကျောင်းနှစ်ကျောင်းတွင် ကျောင်းသားကျောင်းသူ ၃၄၈၅ ဦးတို့ ပညာသင်ကြားလျက် ရှိကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့နိုင်ရေးအတွက်လည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ပညာသင်ကြားပေးလျက်ရှိသော ဆရာ ဆရာမများအား နိုင်ငံတော်အစိုးရက လိုအပ်သလို ထောက်ပံ့ပေးနေမှုများရှိပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ကျောင်းသားစာရင်းများ မှန်ကန်ရေးနှင့် ကျောင်းပြောင်းလက်မှတ်(TC) ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ မူလရည်ရွယ်ချက်ဖြစ်သော ကလေးသူငယ်များအား ယဉ်ကျေးသိမ်မွေ့စွာ ပညာသင်ကြားရေးနှင့် စာရိတ္တမဏ္ဍိုင် တည့်မတ်မှန်ကန်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်မိပါကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများကို သင်ကြားပေးသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခန်းကဏ္ဍသည် နိုင်ငံတော်၏ ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လျှောက်ထားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက သဘာဝဘေးအန္တရာယ်များနှင့် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သဃ်န်းကျွန်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်အောင်က မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များ၊ မုန်တိုင်းများ၏ အန္တရာယ်ကို နားလည်သဘောပေါက်လွယ်စေရန် အရောင်ခွဲခြားသတ်မှတ်ထားသည့် သတိပေးစနစ်များ၊ မုန်တိုင်းအန္တရာယ်မကျရောက်မီနှင့် ကျရောက်နေစဉ်၊ မုန်တိုင်းအန္တရာယ်ကျရောက်ပြီး ဆောင်ရန်၊ ရှောင်ရန်များနှင့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# မုံရွာခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်

မုံရွာ ဇွန် ၂၄

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က မုံရွာခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ပဲများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မြသလ္လာခန်းမ၌ ကျင်းပသည်။



**ပူးပေါင်းဆောင်ရွက်**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်၏ လုပ်ဆောင်မှုအားလုံးသည် ပြည်သူလူထု၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှု၍ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ယာယီနေရပ်စွန့်ခွာပြည်သူ ၂၀၀ အတွက် တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နှစ်လစာထောက်ပံ့ငွေကျပ်သိန်း ၈၀ နှင့် ယာယီနေရပ်စွန့် ခွာပြည်သူများထံ ဆန်၊ ဆီ၊ ဆား၊ ပဲများ ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မုံရွာခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများထံ ဆန်၊ ဆီ၊ ဆား၊ ပဲ များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တစ်ပတ်စာဆန်ရိက္ခာဖိုး ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။

**လိုက်လံနှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ပျဉ်းမနား ဇွန် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလွင်က ဟောပြောပွဲနှင့် ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(နေပြည်တော်) အလုပ်အမှုဆောင် သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ စာရေးဆရာ ခိုင်မင်း (နေပြည်တော်)က ရှောင်လေဝေးဝေး မူးယစ်ဆေး ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို ဆွေးနွေးဟောပြောသည်။

**ဖြန့်ဝေပေးခဲ့**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)မှ အခမဲ့ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



ဇွန် ၂၄ ရက်နံနက်ပိုင်းက အလုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြရင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက သွားရောက်အားပေးခဲ့ပြီး အာဟာရမုန့်များပေးဝေစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပုဗ္ဗသီရိမြို့နယ်၌ စိုက်ပျိုးရေးအထောက်အကူပြု AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းကို ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဝဲကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသည့် တောင်သူများ၏ ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့် နည်းလမ်းများ စမ်းသပ်ပြသခြင်း စသည့်ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် ကျေးရွာ ၂၁ ရွာမှဝန်ထမ်းနှင့် တောင်သူစုစုပေါင်း ၁၆၅ ဦး တို့ကို AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)





# ဇလွန်မြို့နယ်၌ ရေယာဉ်ခရီးသွားများ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်

ဇလွန် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဆန်တန်းရပ်ကွက် ကျီးပင်ဆိပ်ကမ်းတွင် ယနေ့နံနက်ပိုင်းက ရေယာဉ်ခရီးသွား ပြည်သူများအား အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်း အကျိုးကျေးဇူးများနှင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်သည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးနှင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါကကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်နိုင်ရန် အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပေးခဲ့ပြီး ရေယာဉ်များပေါ်တွင် အရေးပေါ်အသက်ကယ်ဘောကွင်းများနှင့် အသက်ကယ်အင်္ကျီအသင့်ဆောင်ထားရန် စစ်ဆေးအသိပညာပေးခဲ့ကြောင်း သိရသည်။

ရောဦးသာ

# ပခုက္ကူမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ပခုက္ကူ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို လစဉ်အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၃ ရက် နံနက် ၇ နာရီမှစတင်၍ ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အရှေ့ဘက်ဆေးရုံ သုံးထပ်ဆောင်ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၉ ဦးတို့အား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါဆိုင်ရာစစ်ဆေးပေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် လိုအပ်သောဆေးဝါးများပေးအပ်ခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)





# အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုအတွက် အစ္စရေးနှင့် အီရန်တို့အား ထရမ့်ပြစ်တင်ပြောကြား

**ဝါရှင်တန် ဇွန် ၂၄**

အစ္စရေးနှင့် အီရန်တို့အား အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုအတွက် အမေရိကန်သမ္မတထရမ့်က ပြစ်တင်ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် လိုက်နာရမည့်အချက်များကို အစ္စရေးက လိုက်နာခြင်းမရှိသည်ကို မိမိမကျေနပ်ကြောင်းနှင့် အစ္စရေး၏ တုံ့ပြန်တိုက်ခိုက်မှုများ ပြင်းထန်သည့်အချက်ကိုလည်း ရှုတ်ချကြောင်း ထရမ့်က ပြောကြားသည်။ အစ္စရေးသည် ယခုပဋိပက္ခကို တည်ငြိမ်စွာ ဖြေရှင်းဆောင်ရွက်သင့်ကြောင်း၊ နှစ်ဖက်စလုံးသည် အပစ်အခတ်ရပ်စဲရေးကို လိုက်နာခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးသည် ဗုံးများကြဲချခြင်းမရှိဟု မိမိယူဆသော်လည်း အကယ်၍ အစ္စရေးက ဗုံးကြဲခဲ့ပါက အဆိုပါဆောင်ရွက်ချက်သည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်အနေဖြင့် အစ္စရေးအား ပြီးခဲ့သည့်နာရီပိုင်းအတွင်းက တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်ခြင်းမရှိကြောင်း အီရန်တာဝန်ရှိသူက ပြောကြားသည်။

**ကိုးကား - အင်န်အီတီချ်ကေ၊ ဘာသာပြန် - စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမငါးလအတွင်း လေကြောင်းခရီးသည် သုံးသန်းကျော် လာရောက်

**ဖနောင်ပင် ဇွန် ၂၄**

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမငါးလအတွင်း လေကြောင်းခရီးသည် ၃ ဒသမ ၀၄ သန်း ဝင်ရောက်ခဲ့ပြီး ခရီးသည်ဝင်ရောက်မှု ၁၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း မြို့ပြလေကြောင်း ဌာနတာဝန်ရှိသူ ဆင်ချန် ဆရီဗူသာက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ယင်းကာလအတွင်း ပြည်တွင်းနှင့် ပြည်ပလေကြောင်းလိုင်းများသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ နိုင်ငံတကာနှင့် ပြည်တွင်းခရီးစဉ် ၂၇၆၇၀ ကို ပြေးဆွဲခဲ့ကြောင်းနှင့် ၎င်းအရေအတွက်သည် ယမန်နှစ် အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း လေကြောင်းခရီးသည် အရေအတွက် ၇ ဒသမ ၅ သန်း လာရောက်စေရေးရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ဆီရမ်ယိအန်ကော အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ယခုနှစ်စက်တင်ဘာလတွင် လုပ်ငန်းစတင်ဆောင်ရွက်မည့် တက်ချိုအပြည်ပြည်ဆိုင်ရာ လေဆိပ်များမှတစ်ဆင့် နိုင်ငံတကာခရီးသည်များကို ဆွဲဆောင်နိုင်မည်ဟုယုံကြည်ကြောင်း ၎င်းကပြောကြားသည်။ ယင်းလေဆိပ်များသည် နိုင်ငံတကာမှ လေယာဉ်များပျံသန်းပြေးဆွဲရန် အဆင့်မြင့်တည်ဆောက်ထားသဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများအားကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်ခရီးစဉ်များ ပြေးဆွဲရန် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများတွင် သတ္တုတူးဖော်သည့် လုပ်ငန်းဆောင်ရွက်ခြင်းမှ တားမြစ်

**ဂျကာတာ ဇွန် ၂၄**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံရှိ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံအတွင်းရှိကျွန်းများတွင် သတ္တုတူးဖော်သည့်လုပ်ငန်းများကို လုပ်ငန်းဆောင်ရွက်ခြင်းမှ တားမြစ်ခဲ့ကြောင်း ပင်လယ်ရေကြောင်းနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**တင်းကျပ်သည့်စည်းမျဉ်းများကို ချမှတ်ဆောင်ရွက်**

ကမ်းရိုးတန်းများ၏ ဂေဟစနစ် ကာကွယ်စောင့်ရှောက်ရေးအတွက် တင်းကျပ်သည့် စည်းမျဉ်းများကို ချမှတ်ဆောင်ရွက်နေကြောင်း ပင်လယ်ရေကြောင်းနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူ ဟန်ဒေရာ ယူဆရန်ဆယီက ပြောကြားသည်။ နိုင်ငံ၏ ကျွန်းများအတွင်းရှိ သတ်မှတ်ဒေသများ၏ ၃၀ ရာခိုင်နှုန်းကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကျွန်းများမှ သဘာဝသယံဇာတများကို သုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင် တည်တံ့ရေးကို စဉ်းစားဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်၍ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူ အာမက်အာရက်က ပြောသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**




# အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံရှိ ရေဒါစနစ်အား အစ္စရေးတိုက်လေယာဉ်များ တိုက်ခိုက်

**ဂျေရုဆလင် ဇွန် ၂၄**

အစ္စရေး တိုက်လေယာဉ်များသည် ဇွန် ၂၄ ရက်တွင် အီရန်နိုင်ငံရှိ ရေဒါစနစ်ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်ရေဒီယိုက ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် ၁၂ ရက်ကြာမြင့်ခဲ့သည့် အီရန် အစ္စရေးစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။

၎င်းတိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံမြောက်ပိုင်း မာဇန်ဒါရမ်ပြည်နယ်ရှိ ဗယ်ဗိုစာမြို့တွင် ပေါက်ကွဲသံများကိုကြားခဲ့ရပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးဝန်ထမ်းများကို အခင်းဖြစ်နေရာသို့ စေလွှတ်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံမှ ပစ်လွှတ်သည့် ဒုံးကျည်များ အစ္စရေးနိုင်ငံအတွင်းသို့ ကျရောက်လာကြောင်း အစ္စရေးက အတည်ပြုပြောကြားခဲ့ပြီး အပြန်အလှန်အားဖြင့် အပစ်အခတ်ရပ်စဲရေးမစတင်မီ မိနစ် ၉၀ ခန့်တွင် အစ္စရေးကပစ်လွှတ်သည့် ဒုံးကျည်များ အီရန်နိုင်ငံအတွင်းသို့ ကျရောက်ခဲ့ကြောင်း အီရန်က ပြောကြားခဲ့သည်။ အီရန်နိုင်ငံက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များကြောင့် ထိခိုက်သေဆုံးမှုများမရှိသော်လည်း အီရန်နိုင်ငံ၏ ဆောင်ရွက်ချက်အတွက် အင်အားသုံးတုံ့ပြန်မည်ဟု အစ္စရေးစစ်ဦးစီးချုပ် အီရယ်ဇီမီရာက ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့အား တီဟီရန်ရှိ အုပ်ချုပ်ရေးဆိုင်ရာ ပစ်မှတ်များကို တိုက်ခိုက်ရန် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကက်က ညွှန်ကြားခဲ့သည်။ ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည့်အတွက် နှစ်ဖက်စလုံးအား ထရမ့်က ပြစ်တင်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတထရမ့်နှင့် ဆွေးနွေးခဲ့ပြီးနောက် အစ္စရေးအနေဖြင့် တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်မည်မဟုတ်ဟု နေတန်ယာဟုက ပြောကြားခဲ့သော်လည်း အစ္စရေးတိုက်လေယာဉ်များက အီရန်နိုင်ငံရှိ ရေဒါစနစ်အား တိုက်ခိုက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**

# မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အာဖရိကဒေသတာဝန်ရှိသူများ တိုက်တွန်း

**ဝင်းဒေါ့ခ် ဇွန် ၂၄**

အာဖရိကဒေသတွင်ဖြစ်ပွားလာမည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များမှကာကွယ်ရန်အတွက် မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။ အာဖရိကဒေသတွင်း ရာသီဥတုဘေးကာကွယ်ရေးလုပ်ငန်း အစီအစဉ်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို နမီးဗီးယားနိုင်ငံ ဝင်းဒေါ့ခ်မြို့တွင် ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

ရာသီဥတုဘေးကာကွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးများရှိကြောင်း အာဖရိကသမဂ္ဂစိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူ မိုးဆက်ဗီလာကာက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကာကွယ်ရန်အတွက် ကမ္ဘာ့တစ်ဝန်းရှိ မိုးလေဝသဌာနများမှ ရာသီဥတုဆိုင်ရာခန့်မှန်းချက်များကို အာဖရိကဒေသရှိ လယ်သမားများ မူဝါဒချမှတ်သူများနှင့် ပညာရှင်များအနေဖြင့် ရရှိရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာ့တစ်ဝန်းတွင် ဖြစ်ပွားနေရာ ၎င်းကို ကာကွယ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ကျိုက်ထိုမြို့အနီး ရန်ကုန်- မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၂၄

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်နှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲဖြစ်ပေါ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည်တို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုမြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ အင်္ဂပိုကျေးရွာအနီး ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးအားလည်းကောင်း၊ အဆိုပါ ပြည်ထောင်စုလမ်း၏ မိုင်တိုင်အမှတ် (၉၄/၇)အနီး တံတားအမှတ် (၃/၉၅)နေရာရှိ တံတားအောက်ခြေတွင် ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခုနစ်လုံးနှင့် မိုင်တိုင်အမှတ်(၉၄/၃) နေရာ၌ ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးတို့အားလည်းကောင်း စုစုပေါင်း ဒေသန္တရလက်လုပ်မိုင်း ၁၁ လုံးတို့အား ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး စနစ်တကျဖယ်ရှားရှင်းလင်းခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ပြည်သူများ ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် မိုင်းထောင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို မကြာခဏ လုပ်ဆောင်လျက်ရှိရာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအပေါ် ပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကျိုက်ထိုမြို့နယ်အတွင်း အများပြည်သူအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် ဖြစ်စဉ်နေရာပြပုံ။









PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံများ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၈ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၂၁ ဦး၊ နီပေါနိုင်ငံသား ခုနစ်ဦး စုစုပေါင်း ၂၈ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင် လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေး နှင့် အဆင်ပြေချောမွေ့စေရေး အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်း ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Embassy Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ အား စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၃ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၉၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု



ပုသိမ်ကြီး ဇွန် ၂၄

ပုသိမ်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော သလဲကုန်း-ရွာရှည် ကျေးရွာချင်းဆက်လမ်း အရှည်သုည ဒသမ ၄၀၂ ကီလိုမီတာရှိ ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်မိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးညွှန်ကြားရေးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ ဇွန် ၂၄

၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃) နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ် ဇွဲကပင် အားကစားကွင်းရှိ မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပသည်။



အဆိုပါ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ အားကစားသမား ၉၁ဦး ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားလေးယောက်တွဲပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ်အသင်းနှင့် လှိုင်းဘွဲမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြရာ အဆိုပါပွဲစဉ်တွင် ဘားအံမြို့နယ်အမျိုးသား ပိုက်ကျော်ခြင်းအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များက အမျိုးသမီးပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆု၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့်အသင်းများ၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသားပြိုင်ပွဲအကောင်းဆုံးအားကစားသမားဆု၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆု၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ဒုတိယနှင့်တတိယဆု ရရှိသည့်အသင်းများကို တစ်ဦးချင်းဆု၊ ငွေသားဆုနှင့်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကက အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆု ကျပ်ငါးသိန်းနှင့်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆု ကျပ်ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထားဝယ်မြို့၌ အမှိုက်အမျိုးအစားခွဲခြား စွန့်ပစ်စေရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ

ထားဝယ် ဇွန် ၂၄

အမှိုက်အမျိုးအစား ခွဲခြား စွန့်ပစ်စေရေး အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပညာဒီမာန်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမြတ်ကို တက်ရောက် အမှာစကား ပြောကြားသည်။



**အသိပညာပေး**

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှိုက်ခွဲခြား စွန့်ပစ်စေရေး ဆိုင်ရာများကို အသိပညာပေး ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ကျောင်းသား ကျောင်းသူများက အမှိုက်များကို ဘေးအန္တရာယ်ရှိသောအမှိုက်၊ အမှိုက်ခြောက်၊ အမှိုက်စို၊ ပလတ်စတစ် အမှိုက်ဟူ၍ ခွဲခြားပြီး သရုပ်ပြစွန့်ပစ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့်ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

